# ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး

## ဒုတိယနေ့ အစီအစဉ်

## [ ၁၆-၁-၂၀၁၄ ] (ကြာသပတေးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါက်တာအောင်မိုးညို၊ ပွင့်ဖြူ မဲဆန္ဒနယ်၏ **နိုင်ငံတော်အစိုးရ အနေဖြင့် (UNCAT) United Nations Convention Against Torture ညှင်းပမ်းနှိပ်စက်ခြင်းကို ဆန့်ကျင်သည့် ကမ္ဘာ့ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ ပဋိညာဉ်စာတမ်းအား မည်သည့် အချိန်တွင် လေးစားလိုက်နာရန် လက်မှတ်ရေးထိုးမည့်အကြောင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးသိန်းလွင်၊ ချောက် မဲဆန္ဒနယ်၏ **ယခင်အစိုးရလက်ထက်တွင် သဘောတူ ထားခဲ့သည့် နားလည်မှု စာချွန်လွှာများ၊ နားလည်မှု သဘောတူ စာချုပ်များနှင့် စီးပွားရေးစာချုပ်များကို ပြန်လည် သုံးသပ်အတည်ပြုရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးစိန်မြင့်၊ ဗိုလ်တထောင် မဲဆန္ဒနယ်၏ **နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ရန် မည်သည့်နိုင်ငံ၊ မည်ကဲ့သို့သော လုပ်ငန်းမျိုး၊ ရင်းနှီးမြှုပ်နှံမှု သန်းပေါင်းမည်မျှနှင့် နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ မည်မျှရရှိပြီးသည်ကို သိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးသိန်းထွန်းဦး၊ အမရပူရ မဲဆန္ဒနယ်၏ **နိုင်ငံတစ်ဝှမ်း တရားဝင်ဖွင့်လှစ်ထားသော ကျောင်းများတွင် ကျောင်းသား/ ကျောင်းသူများအား ဖုန်း၊ ဂိမ်းစက်၊ အင်တာနက်သုံးကိရိယာနှင့် အခြား အီလက်ထရောနစ် ပစ္စည်းများ သယ်ဆောင်အသုံးပြုခြင်းကို တားဆီးထိန်းချုပ်ရန် အစီအစဉ်ရှိ/ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(င) ဒေါက်တာဇော်မြင့်မောင်၊ ကျောက်ပန်းတောင်း မဲဆန္ဒနယ်၏ **ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများရှိ ဒသမတန်း ကျောင်းသားများအား ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုခွင့်ရရန် မည်သို့ ဆောင်ရွက်ရမည်ကို သိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးဘိုနီ၊ ရမည်းသင်း မဲဆန္ဒနယ်၏ **တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ စက်မှုလယ်ယာ ဦးစီးဌာနသို့ လယ်ထွန်စက်များ အစီးရေတိုးမြှင့်ပေးနိုင်ခြင်း ရှိ/ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးဝင်းဆွေ၊ ညောင်ရွှေ မဲဆန္ဒနယ်၏ **အင်းလေးဒေသ မိုးဗြဲဆည်ကြီးတွင် သဲနန်းများစုပ်ထုတ်၍ ကမ်းစပ်များတွင် မြေတူးမြေကော်စက်များဖြင့် တူးဖော်ပေးရန်နှင့် လိုအပ်လျက်ရှိသော ခေတ်မီ သောင်တူးစက်များ ဝယ်ယူပေးရန် အစီအစဉ်ရှိ/ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဇ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ **ဓာတ်မြေဩဇာများ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ဆောက်လုပ်ရေးဝန်ကြီးဌာနက **"စုပေါင်းပိုင် အဆောက်အအုံ ဆိုင်ရာ ဥပဒေကြမ်း"** ကို တင်သွင်းခြင်း။

၇။ **"စုပေါင်းပိုင် အဆောက်အအုံ ဆိုင်ရာ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ က အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်း။

၈။ ဆောက်လုပ်ရေးဝန်ကြီးဌာနက တင်သွင်းသည့် **"စုပေါင်းပိုင် အဆောက်အအုံ ဆိုင်ရာ ဥပဒေကြမ်း"**ကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်းနှင့် ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၉။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့သော **" ဘက်စုံပို့ဆောင်ရေး ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၀။ ဦးစောလှထွန်း၊ ချောင်းဦး မဲဆန္ဒနယ် က **" ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေကြမ်း"** ကို တင်သွင်းခြင်း။

၁၁။ **" ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ က အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်း။

၁၂။ ဦးစောလှထွန်း၊ ချောင်းဦး မဲဆန္ဒနယ် က တင်သွင်းသည့် **" ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေကြမ်း"** ကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်းနှင့် ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၃။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။